**24. ဌာန - International College**

သင်တန်းအမည် - Bachelor of Business Administration Program in Business Economics (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Business Administration (Business Economics)
သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. ပုဂ္ဂလိကအဖွဲ့အစည်းများတွင် စီးပွားရေးခွဲခြမ်းစိတ်ဖြာသူအဖြစ် လုပ်ကိုင်နိုင်ခြင်း။
2. သုတေသနနှင့်သတင်းအချက်အလက်ဝန်ဆောင်မှုလုပ်ငန်းများတွင်လုပ်ကိုင်နိုင်ခြင်း။
3. နိုင်ငံပိုင်လုပ်ငန်းများတွင်လုပ်ကိုင်နိုင်ခြင်း။
4. အစိုးရဌာနများ သို့မဟုတ် အေဂျင်စီများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လုပ်ကိုင်နိုင်ခြင်း။
5. နိုင်ငံတကာ/non-profit အဖွဲ့အစည်းများတွင်လုပ်ကိုင်နိုင်ခြင်း။
6. စီးပွားရေးပညာရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်း။
7. မိသားစုကိုယ်ပိုင်လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း။
8. Economics/ Business Economics/ Social Science/ Real Estate/ Logistic/ Demographics ဘာသာရပ်များသင်ကြားသော ထိုင်း/ပြည်ပနိုင်ငံများမှတက္ကသိုလ်များတွင်လုပ်ကိုင်နိုင်ခြင်း။
9. Master of Business Administration ကို ထိုင်း/ပြည်ပနိုင်ငံများတွင်ဆက်လက်ဆည်းပူးနိုင်ခြင်း။

သင်ယူရရှိမှုရလဒ်များ (PLOs)

အဖွဲ့အစည်းအဖြစ်လုပ်ဆောင်ခြင်းအပိုင်း၌
PLO1 - အဖွဲ့အစည်းနှင့်အတူတူလုပ်ကိုင်နိုင်ကြောင်းပြသနိုင်ရန်။

PLO1.1 - လူမှုဆက်ဆံရေးစွမ်းရည်များပြသနိုင်ရန်။

PLO1.2 - မတူညီကွဲပြားမှုပိုလက်ခံနိုင်ကြောင်းပြသနိုင်ရန်။

PLO1.3 - အများနှင့်အတူတူပူးပေါင်းလုပ်ကိုင်နိုင်ကြောင်းပြသနိုင်ရန်။

ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည်အပိုင်း၌

PLO2 - ဆုံးဖြတ်ချက်ချမှတ်သူများအတွက် ကောင်းမွန်သော ကျိုးကြောင်းဆီလျော်သော အကြံပြုချက်များကို ချမှတ်နိုင်ရန်နှင့်စီးပွားရေးအယူအဆများကို ပိုင်းခြားစဉ်းစားနိုင်ရန်။

PLO2.1 - စီးပွါးဆိုင်ရာပြသာနာများကို ကျိုးကြောင်းမှန်ကန်သော အချက်အလက်များဖြင့်အသိအမှတ်ပြုနိုင်ရန်။

PLO2.2 - စီးပွါးဆိုင်ရာပြသာနာများကို ခွဲခြမ်းစိတ်ဖြာရာတွင် သင့်လျော်သော မူဘောင်များ၊ နည်းလမ်းများကို ရွေးချယ်နိုင်ရန်။

PLO2.3 - business economics ၏နည်းလမ်းများကိုအခြေခံ၍ကျိုးကြောင်းဆီလျော်သော စီးပွားရေး ဖြေရှင်းချက်များ ချမှတ်နိုင်ရန်။

ဆန်းသစ်တီထွင်မှုအပိုင်း၌
PLO3 - စီးပွါးလုပ်ငန်းဆိုင်ရာအဖြေရှာဖွေမှုများနှင့်အခွင့်အလမ်းများအတွက်ဆန်းသစ်သောပုံစံများ၊ မူဘောင်များ တိုးတက်ဖြစ်ပေါ်လာစေရန်။

PLO3.1 - သင့်လျော်သော လုပ်ငန်းပိုင်းဆိုင်ရာအခွင့်အလမ်းများ/ပြသာနာများကိုခွဲခြားနိုင်ရန်။

PLO3.2 -
လုပ်ငန်းပိုင်းပြသာနာများဖြေရှင်းရန်ဆန်းသစ်၍လက်တွေ့ကျသောပုံစံများ၊မူဘောင်များကိုအဆိုပြုနိုင်ရန်။

ကျင့်ဝတ်နှင့်ရေရှည်တည်တံ့မှုအပိုင်း၌
PLO4 - လုပ်ငန်းအလေ့အကျင့်များ၏ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်ပြီး လုပ်ငန်းတွင် ရေရှည် တည်တံ့မှု၏ အရေးပါမှုကိုဖော်ပြနိုင်ရန်။

PLO4.1 - လုပ်ငန်းအလေ့အကျင့်များ၏ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်။

PLO4.2 လုပ်ငန်းတွင် ရေရှည်တည်တံ့မှု၏အယူအဆအသိပညာများကိုဖော်ပြနိုင်ရန်။

စီမံခန့်ခွဲမှုအပိုင်း၌
PLO5 - နေ့စဉ်ပြောင်းလဲနေသောစီးပွါးရေးလုပ်ငန်းများအတွင်း မိမိတို့၏လုပ်ငန်းတာဝန်များပြီးမြောက်စေရန် စီမံခန့်ခွဲမှုအသိပညာများဖြင့်ရှင်းပြနိုင်ရန်။

PLO5.1 - အဖွဲ့အစည်းစီမံရေးနှင့် လုပ်ငန်းလည်ပတ်မှုသဘောတရားများအကြောင်းပြောပြနိုင်ရန်။

PLO5.2 - လုပ်ငန်းများပြီးမြောက်အောင်မြင်ရန် ထိရောက်သေချာသောအစီအစဉ်များချမှတ်နိုင်ရန်။

PLO5.3 - ပြောင်းလဲနေသောလုပ်ငန်းသဘာဝနှင့်၄င်းတို့၏အကျိုးသက်ရောက်မှုများခွဲခြားနိုင်ရန်။

စီးပွားရေးဆိုင်ရာအသိပညာ နှင့် စွမ်းရည်အပိုင်း၌

PLO6 - business economics ဆိုင်ရာအသိသညာနှင့်အရည်အသွေးများဖြင့် လက်တွေ့ပြသာနာများ ဖြေရှင်းနိုင်ရန်။

PLO6.1 - လုပ်ငန်းဆုံးဖြတ်ချက်ချရာတွင် သက်ဆိုင်သူများ၏ အမြင်များကို ထိထိရောက်ရောက် ပေါင်းစပ်နိုင်ရန်။

PLO6.2 - မက်ခရိုစီးပွားရေးဆိုင်ရာ မူဝါဒများ၏ သက်ရောက်မှုနှင့် ၎င်းတို့၏ပြောင်းလဲနေသောလုပ်ငန်း၏ သက်ရောက်မှုများကို ဖော်ပြနိုင်ရန်။

PLO6.3 - စီးပွားရေးနှင့် စီးပွားရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများအတွက် ကိန်းဂဏန်းပုံစံများကို သင့်လျော်စွာ အသုံးချနိုင်ရန်။